Message Five

# ဇေကာရိစာစောင်၌ဖွင့်ပြထားသည့် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း

ဖတ်ရန်ကျမ်း။ ။ ဇေ၊ ၁း၃–၁၄။ ၂း၁၀။ ၃း၁၆–၁၉။ ၄း၄–၆။ ၅း၁၉–၂၀။ ၆း၁၀–၁၁၊ ၁၇

**I. သန့်ရှင်းသော နှုတ်ကပတ်တော်၌ရှိသည့် သုံးပါးတစ်ပါးဘုရားနှင့်စပ်လျဉ်းသော ဖွင့်ပြခြင်းသည် ဩဝါဒဆိုင်ရာ နားလည်သဘောပေါက်ခြင်းအတွက်မဟုတ်ဘဲ၊ ကိုယ်တော်၏ရွေးချယ်ခံ၊ ရွေးနုတ်ခံလူများအထဲသို့ သူတို့၏ တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ကိုယ်တော်၏ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၌ ဘုရားသခင်၏ ဝေငှဖြန့်ဖြူးပေးခြင်းအတွက်ဖြစ်သည်–၂ကော၊၁၃း၁၄။**

က။ သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့၏ အပြင်ပိုင်းယုံကြည်ခြင်းမျှသာမဟုတ်ပါ။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ အတွင်းပိုင်းဖြစ်လာပြီး၊ ကျွန်ုပ်တို့၌ ကိန်းဝပ်တော်မူ၍ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့၏ အသက်နှင့် အသက်မစရာဖြစ်လာရန် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးနေကြောင်းကို သမ္မာကျမ်းစာက ဖွင့်ပြထားသည်–ရော၊ဂး ၂၊ ၆၊ ၁၀–၁၁။

ခ။ သမ္မာကျမ်းစာအား ကိုယ်တော်၏ရွေးချယ်ခံ၊ ရွေးနုတ်ခံလူများအထဲသို့ သူတို့၏ အသက်နှင့် အသက်မစရာအဖြစ် မိမိကိုယ်တော်တိုင် အလုပ်လုပ်ဆောင်နေသည့် သုံးပါးတစ်ပါးဘုရား၏ အုပ်စိုးနေသော မူအလေ့အလာအရ ရေးသားခဲ့ ခြင်းဖြစ်သည်–ဆာ၊၃၆း၈–၉။

**II. ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းသည် သမ္မာကျမ်းစာတစ်အုပ်လုံး၏ ဘောင်ဖြစ်သည်။ သမ္မာကျမ်းစာတစ်အုပ်လုံး၊ အထူးသဖြင့် ဇေကာရိစာစောင်သည် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းဖြင့် တည်ဆောက်ထားသည်။**

က။ ဇေကာရိစာစောင်သည် သမ္မာကျမ်းစာ၌ ထိုစာစောင်ရှိ အခန်းတိုင်းကို ၎င်း၏ အခြေခံ သဘောသဘာဝဖြစ်သော ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းဖြင့် တည်ဆောက်ထားသည့် တစ်ခုတည်းသောစာစောင်ဖြစ်သည်။

ခ။ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားကို မသိရှိပါက၊ ဇေကာရိစာစောင်၏နက်နဲမှုကို သိနားလည်နိုင်မည် မဟုတ်ပါ၊ အဘယ်ကြောင့်ဆိုသော် ဤစာစောင်၏ အခန်းတိုင်းတွင် ၎င်း၏ ဘောင်အဖြစ် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း ရှိသောကြောင့်တည်း –၁း၃–၁၄။ ၂း၁၀။ ၃း၁၆–၁၇က။ ၄း၄–၆။ ၅း၁၉–၂၀။ ၆း၁၀–၁၁၊ ၁၇။

**III. ခရစ်တော်ကိုယ်ခန္ဓာတော်တည်းဟူသော အသင်းတော်၏ ထုတ်လုပ်ဖြစ်ပေါ်ခြင်း၊ တည်ရှိခြင်း၊ ကြီးထွားခြင်း၊ တည်ဆောက်ခြင်း၊ တိုက်ခိုက်ခြင်းတို့နှင့် စပ်လျဉ်း၍ ဇေကာရိစာစောင်ရှိ ဖွင့်ပြခြင်းတစ်ခုလုံးတွင် ခရစ်တော်ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအထဲသို့ ဘုရားဆိုင်ရာစီမံကိန်းနှင့် ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းကို ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည်။ ထို့ကြောင့် ဇေကာရိစာစောင်၏ အရေးကြီးသောဗဟိုအချက်မှာ ယုံကြည်သူများအထဲသို့ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်း ဖြစ်သည်။**

က။ အခန်း ၁ ၌ ခမည်းတော်ဘုရားသည် ထာဝရကာလ၌ ဤအင်္ဂါဝင်များကို မည်သို့ ရွေးချယ်၍ ခွဲခန့်မှတ်သားတော်မူကြောင်း၊ သားတော်ဘုရားသည် သူတို့ကို ရွေးနုတ်ကြောင်း၊ ဝိညာဉ်တော်ဘုရားသည် စရံအဖြစ် သူတို့ကို တံဆိပ်ခတ်ကြောင်း၊ ထိုသို့ဖြင့် အလုံးစုံတို့ကို အလုံးစုံတို့၌ပြည့်စုံစေတော်မူသောအရှင်၏ ပြည့်ဝပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ကိုယ်ခန္ဓာတော် ဖြစ်သည့် အသင်းတော်ကို ဖွဲ့စည်းခြင်းအတွက် သူ၏ယုံကြည်သူများအထဲသို့ သူကိုယ်တော်တိုင်ကို ထည့်သွင်းဝေမျှပေးကြောင်း ဖွင့်ပြထားသည်–အငယ်၊ ၃း၁၄၊ ၁၀–၂၃။

၁။ ဇေကာရိစာစောင်၏ အခန်း ၁ ၌ အဆင့်ဆင့်ဖြတ်ကျော်သော သုံးပါးတစ်ပါးဖြစ်ခြင်း၏ ဝေငှဖြန့်ဖြူးခြင်းနှင့် သာလွန်မြင့်မားသောခရစ်တော်၏ ပို့လွှတ်ပေးခြင်း ရလဒ်ကို ဖွင့်ပြထားသည်။

၂။ ခမည်းတော်ဘုရား၏ဝေငှဖြန့်ဖြူးပေးခြင်း၏ ရလဒ်သည် ဘုရားသခင်၏ထာဝရအကြံအစည်တော်အကြောင်းကို ပြောဆိုပြီး (အငယ်၊၃–၆)၊ သားတော်ဘုရား၏ ဝေငှဖြန့်ဖြူးပေးခြင်း၏ရလဒ်သည် ဘုရားသခင်၏ ထာဝရအကြံအစည်တော် ပြီးမြောက်ပြည့်စုံခြင်းအကြောင်းကို ပြောဆိုကာ (အငယ်၊၇–၁၂)၊ ဝိညာဉ်တော်ဘုရား၏ ဝေငှဖြန့်ဖြူးပေးခြင်း၏ ရလဒ်သည် ဘုရားသခင်၏ အကြံအစည်တော် ပြီးမြောက်ပြည့်စုံခြင်း၏ လျှောက်လှမ်းခြင်း အကြောင်းကို ပြောဆိုထားသည် (အငယ်၊ ၁၃–၁၄)။

၃။ သာလွန်ထူးမြတ်သောခရစ်တော်သည် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းဖြစ်သောကြောင့်၊ ကိုယ်တော်၏ သာလွန်ထူးမြတ်သော လွှဲပြောင်းပေးအပ်ခြင်းတွင် သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝသောဝေငှဖြန့်ဖြူးပေးခြင်းအားလုံး ပါဝင်သည်၊ သုံးပါးတစ်ပါးဘုရား၏ သုံးဆသော ဝေငှဖြန့်ဖြူးပေးခြင်းသည် သာလွန်ထူးမြတ်သောခရစ်တော်၏ လွှဲပြောင်းပေးအပ်ခြင်း၌ ပါဝင်၍၊ သာလွန်ထူးမြတ်သောခရစ်တော်၏ အရာအားလုံးပါဝင်သော လွှဲပြောင်းပေးအပ်

ခြင်း၌ ပြီးပြည့်စုံ၍ ပြီးမြောက်ပြည့်စုံခဲ့သည်–(အငယ်၊၁၅–၂၃)။

ခ။ အခန်း ၂ က ကျွန်ုပ်တို့အား ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ ယုံကြည်သူများအားလုံး၊ ဂျူးနှင့် တစ်ပါးအမျိုးသား နှစ်ဦးလုံးသည် ခမည်းတော်ဘုရားထံတော်သို့ သားတော်အားဖြင့်၊ ဝိညာဉ်တော်ဘုရား၌ တိုးဝင်ချဉ်းကပ်နိုင်ကြောင်း ပြသထားသည်–အငယ်၊၁၈။

၁။ ဤသည်မှာ ဤသုံးပါးသည် လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ ကားတိုင်၌ အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းဖြစ်စဉ်အားလုံးကို ဖြတ်ကျော်ပြီးသည့်နောက်တွင်ပင် အတူတကွတည်ရှိ၍၊ တစ်ဦး၌တစ်ဦး အပြန်အလှန် ကိန်းဝပ်နေကြောင်း ညွှန်ပြသည်။

၂။ ပြီးမြောက်ပြည့်စုံစေတော်မူသောအရှင် သားတော်ဘုရားအားဖြင့်လည်းကောင်း၊ ယူဆောင်လျှောက်လှမ်းစေသော၊ စီမံဆောင်ရွက်သောအရှင် ဝိညာဉ်တော်ဘုရားအားဖြင့် လည်းကောင်း ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်း အရင်းအမြစ်ဖြစ်သော မူလအစဖြစ်တော်မူသောအရှင် ခမည်းတော်ဘုရားထံသို့ တိုးဝင်ခွင့်ရကြပါသည်။

၃။ ကျွန်ုပ်တို့သည် အရင်းအမြစ်သော ခမည်းတော်၊ လမ်းကြောင်းတည်းဟူသောသားတော်နှင့် စီးဆင်းခြင်းတည်းဟူသော ဝိညာဉ်တော်၏ ဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့် ရေးသားထားသော ကဗျာဖြစ်သည်–အငယ်၊၁၀။

၄။ ခမည်းတော်၏ဝေငှဖြန့်ဖြူးပေးခြင်းသည် လက်ရာမွန်ကို ထုတ်လုပ်ရန်ဖြစ်ပြီး၊ သားတော်၏ဝေငှဖြန့်ဖြူးပေးခြင်းသည် လူသစ်ကို ထုတ်လုပ်ရန်ဖြစ်ကာ၊ ဝိညာဉ်တော်သည် ကျွန်ုပ်တို့အား ကိုယ်ခန္ဓာတော်တစ်ကိုယ်တည်း၌ ခမည်းတော်ထံသို့ ခေါ်ဆောင်ပေးခြင်းသည် အသင်းတော်ကို တည်ဆောက်ခြင်းနှင့် ဘုရားသခင်၏ ထာဝရ စီမံကိန်းပြီးမြောက်ပြည့်စုံခြင်းကို ထွက်ပေါ်စေသည်–အငယ်၊ ၁၀၊ ၁၅–၁၆၊ ၂၁–၂၂။

ဂ။ အခန်း ၃ ၌ ခမည်းတော်ဘုရားသည် ယုံကြည်သူများအား သူတို့၏ အတွင်းလူအထဲသို့ ဝိညာဉ်တော်ဘုရားအားဖြင့် ခွန်အားနှင့် ခိုင်ခံ့မြဲမြံစေမည့်အကြောင်း တမန်တော် ဆုတောင်းခဲ့သည်။ ထိုသို့ဖြင့် ခရစ်တော်တည်းဟူသော သားတော်ဘုရားသည် သူတို့၏ စိတ်နှလုံးများ၌ အိမ်တော်ဆောက်လုပ်နေထိုင်မည်ဖြစ်သည်။ ယင်းမှာ သူတို့၏ ဖြစ်ခြင်းတစ်ခုလုံးကို ရယူသိမ်းပိုက်နိုင်ရန်လည်းကောင်း၊ သူတို့သည် သုံးပါးတစ်ပါးဘုရား၏ အလုံးစုံသော ပြည့်ဝပြည့်စုံခြင်းနှင့် ဖြည့်ပေးခြင်းခံရရန် ဖြစ်သည်။ ဤသည်မှာ ယုံကြည်သူများ တွေ့ကြုံခံစားခြင်းနှင့် ကိုယ်တော်၏ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်းတွင် ဘုရားသခင်၌ ပါဝင်ဆက်ဆံရခြင်း၏ အထွတ်အထိပ်ဖြစ်သည်–အငယ်၊၁၄–၁၉။

၁။ ခမည်းတော်သည် အရင်းအမြစ်၊ ဝိညာဉ်တော်သည် လမ်းကြောင်းနှင့် သားတော်သည် ပုဂ္ဂိုလ်ဖြစ်ကာ၊ သုံးပါးတစ်ပါးဘုရား၏ ပြည့်ဝပြည့်စုံခြင်းသည် ရလဒ်ဖြစ်သည်။

၂။ ဤသုံးပါးလုံးသည် သူတို့ကိုယ်တော်တိုင်အတွက် မဟုတ်ဘဲ၊ သုံးပါးတစ်ပါးဘုရား၏ ပြည့်ဝပြည့်စုံခြင်းအတွက် လုပ်ဆောင်ခြင်း ဖြစ်သည်။ ဤသည်မှာ ဘုရားဆိုင်ရာ သုံးပါးတစ်ပါးဖြစ်ခြင်း၏ လှပသော ရုပ်ပုံကားချပ်ဖြစ်သည်– ညွှန်း၊ မ၊၁၂း၂၀။

ဃ။ ဇဖက် အခန်း ၄ တွင် ဝိညာဉ်တော်၊ သခင်ဘုရားနှင့် ခမည်းတော်အဖြစ် အဆင့်ဆင့်ဖြတ်ကျော်တော်မူသော ဘုရားသခင်သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် ရောနှောပေါင်းစည်းခြင်းအားဖြင့် ကိုယ်ခန္ဓာတော်၏ အင်္ဂါဝင်များအားလုံးက ဘုရားဆိုင်ရာသုံးပါးတစ်ပါးကို မည်သို့ တွေ့ကြုံခံစားနိုင်ကြောင်း ပုံဖော်ပြထားပါသည်–အငယ်၊၄–၆။

၁။ ခရစ်တော်၏ကိုယ်ခန္ဓာတော်သည် သုံးပါးတစ်ပါးဘုရား၏ တိုးတက်ကြီးထွားခြင်းအတွက် အဝန်းအဝိုင်းဖြစ်သည်။

၂။ ခပ်သိမ်းသော ငါတို့အပေါ်တွင် ရှိတော်မူသောခမည်းတော်ဘုရား၊ ခပ်သိမ်းသော ငါတို့၌ နှံ့ပြားတော်မူသောသားတော်နှင့် ခပ်သိမ်းသောငါတို့အထဲ၌လည်း ရှိတော်မူသော ဝိညာဉ်တော်၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးပေးခြင်းသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်အင်္ဂါဝင်များအားလုံးကို သုံးပါးတစ်ပါးဘုရားအား တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိစေနိုင်သည်။

၃။ ဤကျမ်းပိုဒ်များက ပုဂ္ဂိုလ်လေးပါးကို ဖွင့်ပြထားသည် – ကိုယ်ခန္ဓာတော်တစ်ကိုယ်၊ ဝိညာဉ်တော်တစ်ဝိညာဉ်၊ သခင်တစ်ပါး၊ ခမည်းတော်ဘုရားတစ်ပါး– တို့သည် ခရစ်တော်၏ရှင်သန်သော ကိုယ်ခန္ဓာတော်ဖြစ်လာရန် တစ်လုံးတစ်ဝတည်းအဖြစ် အတူတကွ ရောနှောပေါင်းစည်းထားသည်။ ထို့ကြောင့် သုံးပါးတစ်ပါးဘုရားနှင့် ကိုယ်ခန္ဓာတော်သည် လေးပါးဖြစ်သော်လည်း တစ်ပါးတည်းဖြစ်သည်။

င။ အခန်း ၅ က ယုံကြည်သူများအား သခင်ဘုရားတည်းဟူသော သားတော်ဘုရားကို ဝိညာဉ်တော်ဘုရား၏ သီချင်းများနှင့် အတူ ချီးမွမ်းရန်နှင့် သားတော်ဘုရား တည်းဟူသော ကျွန်ုပ်တို့ သခင်ယေရှု ခရစ်တော်၏ နာမ၌ ခမည်းတော် ဘုရားထံသို့ ကျေးဇူးချီးမွမ်းရန် တိုက်တွန်းထားပါသည်–အငယ်၊၁၉–၂၀။

၁။ ဤသည်မှာ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားတည်းဟူသော ကိုယ်တော့်ကို မွေ့လျော်ခံစားဝမ်းမြောက်နိုင်ရန်အတွက်

ကိုယ်တော်၏ ဘုရားဆိုင်ရာသုံးပါးတစ်ပါး၌ အဆင့်ဆင့်ဖြတ်ကျော်သော ဘုရားသခင်ကို ချီးမွမ်းရန်နှင့် ကျေးဇူးတင်ရန် ဖြစ်သည်။

၂။ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းအားဖြင့်၊ ကျွန်ုပ်တို့သည် မေတ္တာနှင့် အလင်းတည်းဟူသော ဘုရားသခင်၌ လျှောက်လှမ်းရကြသည့် ဘုရားသခင်၏သားများအဖြစ် စေ့စပ်ထုံးဖွဲ့ခံရကြသည်–အငယ်၊ ၂၊ ၈။

၈။ အခန်း ၆ က ကျွန်ုပ်တို့အား သားတော်ဘုရားတည်းဟူသော သခင်ဘုရား၌ ခွန်အားနှင့်ခိုင်ခံ့မြဲမြံခြင်း၊ ခမည်းတော်ဘုရား၏ လက်နက်စုံကို ဝတ်ဆင်ခြင်းနှင့် ဝိညာဉ်တော်ဘုရား၏ ဓားကိုအသုံးပြုခြင်းဖြင့် ဝိညာဉ်ရေးရာတိုက်ပွဲကို တိုက်ခိုက်ရန် ညွှန်ကြားထားပါသည်–အငယ်၊၁၀–၁၁၊ ၁၇။

၁။ သားတော်ဘုရားသည် ကျွန်ုပ်တို့အတွင်းရှိ တန်ခိုးတော်ဖြစ်တော်မူ၍၊ သားတော်၌ သိရှိနားလည်ရသော ခမည်းတော်ဘုရားသည် ကျွန်ုပ်တို့အပေါ်၌ ချပ်ဝတ်တန်ဆာဖြစ်တော်မူပြီး၊ ဝိညာဉ်တော်ဘုရားသည် သံလျက်ဓားဖြစ်ကာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်တော်မူသည်။

၂။ ဤသည်မှာ ဝိညာဉ်ရေးရာစစ်ပွဲတွင်ပင် ယုံကြည်သူများ၏ အတွေ့အကြုံနှင့် မွေ့လျော်ဝမ်းမြောက်မှုဖြစ်သည်။

**IV. သမ္မာကျမ်းစာခြောက်ဆယ့်ခြောက်ကျမ်း၏ ဖွင့်ပြခြင်းတစ်ခုလုံးအရ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်သော –ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်တို့သည်– ဘုရားသခင်၏ဝေငှဖြန့်ဖြူးပေးခြင်းအတွက်ဖြစ်ပြီး၊ ယင်းမှာ ကိုယ်တော်၏ ရွေးချယ်ခံလူများအထဲသို့ ဘုရားသခင်ကို ဝေငှပေးရန်အတွက် ဖြစ်သည်။ ဘုရားသခင်သည် သုံးပါးတစ်ပါး ဖြစ်တော်မူသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်နိုင်ရန်အတွက် သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးနိုင်ပြီး၊ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အထဲသို့ အလုပ်လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ခရစ်တော်၏ကိုယ်ခန္ဓာတော်ဖြစ်ရန် တည်ဆောက်ခြင်းခံရကာ၊ လောကီနိုင်ငံသည် ငါတို့သခင်နှင့် ကိုယ်တော်၏ ခရစ်တော်နိုင်ငံဖြစ်လာပြီး သူသည်လည်း ကာလအစဉ်အဆက် စိုးစံတော်မူသောအချိန် ကိုယ်တော်၏ဒုတိယအကြိမ် ကြွလာခြင်းအတွက် ခရစ်တော်၏သတို့သမီးဖြစ်ရန် ပြင်ဆင်ခြင်းခံရနိုင်မည်ဖြစ်သည်–ဗျာ၊၁၁း၁၅။**

© 2022 Living Stream Ministry